နတ်စင်အိုင်ကျေးရွာ

သဲဖြူမြောက်ကျေးရွာအုပ်စု၊ ဓနုဖြူမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး

ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ နတ်စင်အိုင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဓနုဖြူမြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ ၊၂၀၂၄

## မာတိကာ


စကားချီး ၁-၂

နတ်စင်အိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ **ခနုဖြူမြို့နယ်** ၃

နတ်စင်အိုင် ကျေးရွာရာသီခွင်ပြက္ခဒိန်၊ **ခနုဖြူမြို့နယ်** ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁)နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၆-၇

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၇

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၅
(၈) ဦးစားပေးစီမံချက်များနှင့်၎င်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၆
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

(၁) **လူမှုစီးပွားရေးအခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၄
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား ၂၅
ဇယား ၃ **လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား** ၃၁
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၂
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၃၂
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၃၄
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၃၅
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၃၆
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၃၇
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု ၃၉

(၂) **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

| | | | |
|---|---|---|---|
| ဇယား | ၁၁ | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၄၁ |
| ဇယား | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၂ |
| ဇယား | ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၄၃ |
| ဇယား | ၁၄ | ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ | ၄၃ |
| ဇယား | ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၄၄ |
| ဇယား | ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၄၅ |
| ဇယား | ၁၇ | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၄၆ |
| ဇယား | ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ | ၄၇ |
| ဇယား | ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၄၈ |
| ဇယား | ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၄၉ |
| ဇယား | ၂၁ | မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၀ |
| ဇယား | ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၅၂ |
| ဇယား | ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ | ၅၃ |
| ဇယား | ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ | ၅၄ |
| ဇယား | ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၅၅ |
| ဇယား | ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၅၅ |
| ဇယား | ၂၇ | ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ | ၅၆ |
| ဇယား | ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း | ၅၇ |
| ဇယား | **၂၉** | သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်**များ** စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | **၅၉** |
| ဇယား | ၃၀ | မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်**အဆင့် စာတတ်မြောက်မှုနှုန်း** | ၅၉ |
| ဇယား | **၃၁** | ကျောင်း**တက်**နှုန်း | ၆၀ |
| ဇယား | **၃၂** | စာသင်ကျောင်းဆောင် အခြေအနေ**နှင့်ဝန်ဆောင်မှုများ** | ၆၁ |
| ဇယား | **၃၃** | ပညာရေး အခက်အခဲနှင့် ပြဿနာများ | ၆၂ |
| ဇယား | ၃၄ | အဖြစ်များသော ရောဂါများ | ၆၂ |
| ဇယား | **၃၅** | **လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု** | **၆၃** |
| ဇယား | ၃၆ | ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ | ၆၄ |
| ဇယား | ၃၇ | သောက်သုံးရေရရှိမှု | **၆၅** |
| ဇယား | ၃၈ | **အိမ်သာအမျိုးအစား** | **၆၆** |
| ဇယား | ၃၉ | **ကျား-မ ရေးရာ** | ၆၆ |
| ဇယား | **၄၀** | ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ | ၆၇ |
| ဇယား | **၄၁** | ကျေးရွာ၏ **တံတားတ**ည်ရှိမှု | **၆၈** |
| ဇယား | ၄၂ | ရေကြောင်း သယ်ယူပို့ဆောင်ရေး | **၆၉** |

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၇၀
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၇၀
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၇၁
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၇၂
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၇၂
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၃

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ ၇၄
အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၅**

## ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MCRD သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား

ထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နတ်စင်အိုင်ကျေးရွာ
ဓနုဖြူမြို့နယ်

# သဲပြုမြောက်ကျေးရွာအုပ်စု၊နတ်စင်အိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဇလွန်မြို့နယ်



## သဲဖြူမြောက်အုပ်စု၊နတ်စင်အိုင်ကျေးရွာရာသီခွင်ပြက္ခဒိန်၊ဇလွန်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင် ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက် သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာ

လူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောငင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင် ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါ သည်။

**၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

နတ်စင်အိုင်ကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး အဖျောက်မြို့နယ် နယ်နမိတ်အနီးတွင် တည်ရှိပါသည်။ မိုးရာသီတွင်မိုးကောင်း၍ ဆောင်းနှင့်နွေသည်လည်းရာသီဥတု အသင့်အတင့် ရှိသဖြင့်ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သောစိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန် လက်မ မှာ(၄၀)အထက်ရှိပြီး လယ်မြေများကိုစပါးနှင့်မတ်ပဲတို့ကိုအဓိကစိုက်ပျိုးပြီးအသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

နတ်စင်အိုင်ကျေးရွာတွင် ဓနုဖြူမြို့နှင့်(၁၆)မိုင်ကျော်ကွာဝေးသောကြောင့်ကျေးရွာလမ်းပန်း ဆက်သွယ်ရေး၊တည် ဆောက်ရေးလုပ်ငန်းများတွင်လွယ်ကူစွာအသုံးပြုနိုင်ကြပါသည်။ တွင်းထွက်သယံ ဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ် များရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်း အတွက် နွားအသုံးပြုမှုမရှိသလောက်နည်းပါးပါသည်။စက်များကိုသာအသုံးပြုကြပြီး စက်များမှာလည်း အလွယ်တကူငှားရမ်းအသုံးပြုနိုင်ကြပါသည်။ နွားများမရှိသဖြင့်စားကျက်မြေများလည်းမရှိပါ။ နတ်စင် အိုင်ကျေးရွာတွင် တွေ့ရသော ဆေးဘက်ဝင်အပင်များမှာ ငွေးတောက်ပင်၊ ကနဖော့ပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ဘောက်ပင်၊ဆင်တုံးမနွယ်ပင်တို့ဖြစ်ပါသည်။

**၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေဆိုင်ရာအချက်အလက်များ**

နတ်စင်အိုင်ကျေးရွာတွင် အိမ်ခြေ(၁၇၁)အိမ်၊အိမ်ထောင်စု(၁၇၁)နှင့်လူဦးရေ(၆၇၄)ဦး၊ ကလေး ငယ် အရွယ်(၀)%၊ ကျောင်းနေအရွယ်(၉)%၊ အလုပ်လုပ်နိုင်သောအရွယ်(၇၇)%၊ သက်ကြီးရွယ်အို (၁၄)% ရှိပါသည်။တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးထက် လျော့နည်းသည်။ ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပါသည်။ ကျေးရွာတွင်အမျိုးသား (၃၂၄)ဦး၊ အမျိုးသမီး(၃၅၀)ဦး ရှိသဖြင့် ကျားမအချိုးများပြားစွာကွာဟမှုမရှိသောကြောင့် အမျိုးသမီး များလုပ် ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်ပိုမိုအထောက် အကူပြုစေနိုင်ပါမည် ။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာတွင်ကိုင်းစိုက်ပျိုးရေးကိုအများဆုံးလုပ်ကိုင်ကြပြီးမိသားစုအပိုဝင်ငွေရရှိရေးတစ်ပိုင်တစ် နိုင်ကြက်၊ ဘဲ၊ ဝက်မွေးမြူခြင်း၊ ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင်ကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ် ငန်းအဓိကလုပ်ကိုင်သူ(၄၀)%၊ ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ (၅၈)%၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ(၁) %ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်**အိုင်**ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေဧက(၃၀၇)ဧက၊ ဥယျာဉ်ခြံမြေပိုင်ဆိုင်မှု ဧက(၀)ဧက၊စုစုပေါင်းလယ်၊ယာ၊မြေပိုင်ဆိုင်းမှုဧက(၃၀၇)ဧကဖြစ်ကြောင်း၊ယာမြေ၊ခြံမြေ၊ ဓနိတောမြေ၊

စားကျက်မြေ၊မြေလွတ်မြေလပ်များမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ နတ်စင်အိုင်ကျေးရွာ၏ ဥစ္စာဓနအဆင့်မှာ အဆင်ပြေသောအိမ်ထောင်စု(၅၀)အိမ်(၂၉%)၊အလယ်အလတ်ရှိသော အိမ်ထောင်စု(၇၀)အိမ်(၄၁%)၊ဆင်းရဲသောအိမ်ထောင်စု(၅၁)အိမ်(၃၀%)ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ လယ်လုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး (၁၀)ဧကနှင့်(၁၂) ဧက ကြားပိုင်ဆိုင်သူနှင့်(၁၂)ဧက အထက်ပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ လယ်လုပ်ငန်းသုံးထွန်စက်ငယ်များပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ လယ်လုပ်ငန်းနှင့်လုပ်သားအလုပ်သမားအဖြစ် အဓိကလုပ်ကိုင်ကြပြီး(၁)ဧကနှင့်(၅)ဧကကြား လယ်မြေများပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ မပြေလည်သောအိမ် ထောင်စုများမှာရာသီအလိုက်နေ့စားကျပန်းလုပ် ကိုင်ကြသောမြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ် အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ နတ်စင်ဒေါင့်ကျေးရွာတွင် အိမ်ထောင်စု(၈၅) အနက် မြေယာမဲ့အိမ်ထောင်စု(၄၁.၁)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာသည် လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသဖြစ်သဖြင့်လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာထွန်စက်(၁)စီး၊ ခြွေလှေ့စက်(၁၄) စီး၊ ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများမရှိ၍ ထွန်စက်၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်၊ ခြေနင်းရေတင်စက်နှင့် မြက်ရိတ်စက်တို့အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၇၄)အိမ်ရှိကြောင်း၊ ကျေးရွာမှစုပေါင်း၍ အသုံးပြုရန်အတွက်ရွာပိုင်၊အဖွဲ့ပိုင်စက် ကိရိယာ များမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

နတ်စင်အိုင်ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၁၇၁)အနက် (၃)လနှင့်(၆)လကြားဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍စားဝတ်နေရေးဖြေရှင်းနေရသောအိမ်ထောင်စု (၁၅)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်နှင့် အထက်အိမ်ထောင်စုမရှိကြောင်း၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်(၂)ဦး၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု(၂)စုရှိကြောင်း၊ ဆင်းရဲ၍ မိသားစုဦး ရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု၊ အခြားဒေသသို့ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေသောဆင်းရဲသည့်အိမ်ထောင်စုများမရှိသောကြောင့် ကူညီစောင့်ရှောက်မှုအထူး လိုအပ်နေသော အုပ်စုများမရှိ ကြောင်းလေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသောအိမ်ထောင်စုနှင့်အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာအန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊ မပြေလည်သောအိမ်ထောင်စုများမှာ(၃)လနှင့်(၆)လကြားစားနပ်ရိက္ခာ မဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက်ဖြေရှင်းရသည့် အခြေအနေမျိုးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ နတ်စင်ဒေါင့်ကျေးရွာသည် ဓနုဖြူမြို့၏ မြစ်တစ်ဖက်ကမ်းတွင် တည်ရှိသော

ကျေးရွာဖြစ်ပြီးကုန်းလမ်းခရီး၊ ရေလမ်းခရီး ဖြတ်သန်းသွားရခြင်း၊ လမ်းပန်းဆက်သွယ်ရေးဝေးကွာခြင်း အခက်အခဲရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာသည်သဘာဝရင်းမြစ်(မြေ၊စိုက်ပျိုးရေ)ရှားပါးမှု၊ မိုးခေါင်မှု၊အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ငလျင်ဒဏ်၊ မီးဘေး၊သစ်တောပြုန်းတီးမှု၊ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊လူကုန်ကူးမှုစသည့်ထိခိုက်မှုမျိုးမရှိကြောင်း၊ လယ်ယာမြေဆုံးရှုံးမှုအိမ်နေရာအရွှေ့အပြောင်းများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာတွင်ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စုကဏ္ဍအလိုက်ခွဲခြားသတ်မှတ်ရာတွင်မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက် သက်ရောက်မှုနိမ့်ကြောင်း၊ လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှု အနည်းအကျဉ်း သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

### (ဃ) ကျန်းမာရေးနှင့်အာဟာရ

နတ်စင်အိုင်ကျေးရွာဓနုဖြူမြို့နှင့် ဝေးကွာပြီး အဖျောက်မြို့နှင့် နီးစပ်သောကြောင့် ကျေးရွာအနီးအနားတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံတို့ ရှိသဖြင့် ကျေးရွာကျန်းမာရေးအဆင်ပြေပါသည်။ ကျေးရွာတွင် ဆေးအမျိုးမျိုးရရှိနိုင်သောဆေးဆိုင် များလည်း ရှိပါသည်။

နတ်စင်အိုင်ကျေးရွာတွင်လွန်ခဲ့သော(၁၂)လအတွင်း၌မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့် အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့်ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ကိုဗစ်ရောဂါကာကွယ်ဆေး၊ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာတွင်စာမတတ်သူဦးရေ မရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၁၂၆)ဦး၊ မ(၁၁၃)ဦး၊ စုစုပေါင်း (၂၃၉)ဦး၊ (၃၅)% ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူ ဦးရေကျား(၁၃၅)ဦး၊မ(၁၄၀)ဦး၊ စုစုပေါင်း(၂၇၅)ဦး၊(၄၁)%ရှိကြောင်း၊ အထက်တန်း အဆင့်ရှိသူဦးရေကျား(၃၁)ဦး၊ မ(၄၃)ဦး၊စုစုပေါင်း(၇၄)ဦး၊(၁၁)%ရှိကြောင်း၊တက္ကသိုလ်/ကောလိပ်အဆင့်
ရှိသူဦးရေကျား(၄၁)ဦး၊မ(၄၂)ဦး၊ စုစုပေါင်း(၈၃)ဦး၊ (၁၂)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့်ကျား(၂၀)ဦး၊မ(၁၅)ဦး၊စုစုပေါင်း(၃၅)ဦး၊ (၅)%ရှိကြောင်း၊ အလယ်တန်းအဆင့်ကျား(၉)ဦး၊မ(၁၉)ဦး၊ စုစုပေါင်း (၂၈)ဦး၊ (၄)% ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၂)ဦး၊ မ(၆)ဦးစုစုပေါင်း(၈)ဦး(၁%)ရှိကြောင်း ၊တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၇)ဦး၊မ(၈)ဦး၊စုစုပေါင်း(၁၅)ဦး (၂%)တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာရှိကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း အခန်း ကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုး မရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတ မှုဆိုင်ရာများအတွက် ကျေးရွာသူကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေး အဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်သဖြင့် လယ်လုပ်ငန်းများတွင်ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၁၅၀၀၀)ကျပ်၊ မိန်းကလေးများ၏လုပ်အားခနှုန်းထားအများဆုံးမှာ (၁၅၀၀၀)ကျပ်ဖြစ်ကြောင်း၊ လုပ်အားခနှုန်းထားအတူတူဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားသော ဘာသာရေးအဖွဲ့အစည်းရှိပြီး ၎င်းအဖွဲ့အစည်းသည်ကျေးရွာတွင်းရှိလူမှုရေး၊စီးပွားရေး၊သာရေး၊နာရေးကိစ္စရပ်များဝင်ပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာသူကျေးရွာသားများသည်ဗမာလူမျိုးများဖြစ်ကြပြီး ဘာသာရေးလုပ်ငန်းများ ကိုစိတ်အားထက်သန်စွာဆောင်ရွက်ကြပါသည်။

နတ်စင်**အိုင်**ကျေးရွာတွင် ဖွဲ့စည်းထားသောကျေးရွာတွင်း အဖွဲ့အစည်းများမှာအ ဖွဲ့ဝင်(၈)ဦးဖြင့်ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့၊ ဝတ်ရွတ်အသင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တို့ရှိပြီး ၎င်းအဖွဲ့အစည်းများသည် ကျေးရွာအတွင်းရှိသာရေး၊နာရေးကိစ္စများတွင် စိတ်အားတက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

နတ်စင်အိုင်ကျေးရွာသည်လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်သော ကျေးရွာဖြစ်သောကြောင့် မိုးရာသီတွင် မိုးစပါးများစိုက်ပျိုးရန်အတွက် လယ်ယာလုပ်ငန်းခွင်ဝင်ကြရပါသည်။ မိုးစပါးကိုအောက်တိုဘာလတွင်သိမ်းပြီး၊မိုးစပါးများ သိမ်းဆည်းပြီးပါက မတ်ပဲကို ဆက်လက် စိုက်ပျိုးကြရပါသည်။မိုးစပါးအထွက်နှုန်းမှာတစ်ကေလျှင်ပျမ်းမျှ(၆၀)တင်းကြားထွက်ရှိပါသည်။ မတ်ပဲအထွက်နှုန်းမှာတစ်ကေလျှင်ပျမ်းမျှ(၁၂)တင်းနှုန်းထွက်ရှိပါသည်။ နတ်စင်အိုင်ကျေးရွာ

သည်ခနေဖြူမြို့နှင့်(၁၆)မိုင်ကျော်ကွာဝေးပြီး လမ်းပမ်းဆက်သွယ်ရေး ဝေးကွာသောကြောင့် ဒေသထွက်ကုန်များကို ရောင်းချရာတွင် အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာ၏သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော ဒေသဖြစ်သဖြင့်လယ်မြေကို ကောင်းစွာအသုံး ချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့်အခြား ဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကို အဝီစီတွင်းများမှတိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေ များမှမြေဆီလွှာ ကောင်းမွန်ပါသည်။

နတ်စင်အိုင်ကျေးရွာတွင်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုမှာနွားမွေးမြူသော အိမ်ထောင်စု(၄၁)အိမ်အကောင်ရေ(၈၄)ကောင်၊အခြားတိရစ္ဆာန်မွေးမြူသောအိမ်ထောင်စုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

နတ်စင်အိုင်ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစု အပိုဝင်ငွေရရှိရေး ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်း၊ ပန်းရံလုပ်ငန်းခြင်း၊ လက်သမား လုပ်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်း အဓိကလုပ်ကိုင်သူ(၄၀)%၊ ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ(၅၈)%၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၁) %ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နတ်စင်အိုင်ကျေးရွာသည် အဖျောက်၊ တိုက်ကြီးမြို့တို့နှင့် ပိုမိုနီးသောကြောင့် ကျေးရွာနှင့်အဖျောက်မြို့၊ တိုက်ကြီးမြို့သို့တိုက်ရိုက် ဒေသထွက်ကုန်များအား ရောင်းချရန် ဈေးကွက်ကောင်းရှိပါသည်။ နတ်စင်အိုင်ကျေးရွာသည် လျှပ်စစ်မီးရယူထားသောအိမ်ထောင်စု(၁၀၉)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

နတ်စင်အိုင်ကျေးရွာ၏သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက် ရှိသောအမှိုက်များအားမြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများ ပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်း တစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်း များကြောင့်ဆိုးကျိုးဖြစ်ပွားမှု အန္တရာယ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာ စိုက်ခင်းများတွင်ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန်သ ဘာဝမြေသြဇာသုံးစွဲမှုနည်းပါးပြီးအလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်း မျိုးသန့်များရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

နတ်စင်အိုင်ကျေးရွာ၏ ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ(အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက်ချေးယူသုံးစွဲမှုသာရှိကြောင်း၊ နီးစပ်ရာဆွေမျိုးများထံမှ စားဝတ်နေရေးနှင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက်ချေးယူသူ အိမ်ထောင်စုများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

နတ်စင်အိုင်ကျေးရွာ၏သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တိုကင်တွင်း(စက်တပ်)အသုံးပြုသူအိမ်ထောင်စု(၁၄၈)အိမ်ရှိကြောင်း၊ကိုယ်ပိုင်တိုကင်တွင်းအသုံးပြုသူအိမ်ထောင်စု(၁၄)အိမ်ရှိကြောင်း၊ အိမ်နီးချင်းတိုကင်တွင်းများမှပေါင်းစပ်အသုံးပြုသူအိမ်ထောင်စုအိမ်ရှိကြောင်း၊ မြေသားရေကန်မှ သောက်သုံးရေအား အများဆုံးအသုံးပြုကြကြောင်း၊ တိုကင်တွင်းမှနွေ၊မိုး၊ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက်လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နတ်စင်အိုင်ကျေးရွာသည်တစ်ရွာလုံး ရေလောင်း/ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့်ယဉ်ကျေးမှု

နတ်စင်အိုင်ကျေးရွာတွင်းရှိလူငယ်များသည်သာရေး၊ နာရေးနှင့်ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သော သူများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့်ဘုရားပွဲ၊ကထိန်ပွဲများကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ်ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့်ဇာတ်ပွဲများဖြင့်ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလူငယ်လူရွယ်များစာပေဗဟုသုတများ စိတ်ဝင်စားလာစေရန်စာကြည့်တိုက် ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဇ) အခြေခံအဆောက်အဦး – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

နတ်စင်အိုင်ကျေးရွာ၏ ကွန်ကရစ်လမ်းမှာလွန်ခဲ့သော(၅)နှစ်ကျော်ခန့်က ကျေးရွာသူ/သား များမှစုပေါင်း၍ အကျယ်(၃ပေ)ကွန်ကရစ်လမ်းဖြစ်ပါသည်။ ယခုအခါအဆိုပါကွန်ကရစ်လမ်းများမှလမ်းခင်းထားသည့်ထုခိုင်ခံ့မှုအားနည်းမှုကြောင်း လမ်းများပေါက်ပြဲနေပါသဖြင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ ကျောက်ခင်းလမ်းများဖြစ်သည့်အတွက် သယ်ယူပို့ဆောင်ရေးအဆင်ပြေကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာ၏ ရွာလယ်တွင် ချောင်းကူးကွန်ကရစ်တံတား(၁၅၀’ x ၈’x၁၈’)တံတား တစ်စင်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာသည်လက်ရှိတွင် မဟာဓါတ်အားလိုင်းအသုံးပြုသူအိမ်ထောင်စု(၁၀၉)အိမ်၊ (၆၄)%နှင့်လျှပ်စစ်မီးအသုံးမပြုသောအိမ်ထောင်စု(၄၅)အိမ်(၃၆)%ရှိကြောင်း၊

နတ်စင်အိုင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များရရှိရေး အတွက်ဖုန်း (၁၄၅)လုံး၊ တီဗွီ(၁၄၁)၊ဂြိုလ်တုစလောင်း(၁၄၁)လုံး၊ mpt၊ telenol၊ooredoo၊mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့်ဆက်သွယ် အသုံးပြုနိုင်ကြောင်း ၊ အင်တာနက်လက်လှမ်းမီသည့် အိမ်ထောင်စု (၁၄၅)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာသည်ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက်(၈)မိုင်ကျော်ကွာ ဝေးသောအနီးဆုံးဈေး “ဆကာကြီးဈေး’သို့သွားလာကြပြီး စားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း၊အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများနှင့် ပစ္စည်းစုံဝန်ဆောင်မှုများအတွက် ခနေဖြူမြို့ဈေး၊ အဖျောက် လေ့လာတွေ့ရှိရပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

နတ်စင်အိုင်ကျေးရွာတွင်လူကုန်ကူးမှု၊အကြမ်းဖက်မှုများလုံးဝမရှိပါ။မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာသည်ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT,Telenor,Ooredoo ကဲ့သို့သော ဖုန်းလိုင်းများမိသောကြောင့်အလွယ်တကူဆက်သွယ်နိုင်ပြီးကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internetပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်း ကြားကာအကူအညီရယူနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## ၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ

နတ်စင်အိုင် ကျေးရွာသည် သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေး၊ ကိစ္စအဝဝတို့တွင် လူကြီး၊ လူငယ်၊ ကျား၊မ အားလုံးစည်းလုံးညီညာစွာဖြင့်ဆောင်ရွက်တတ်ကြသည့် အလေ့အထရှိပါသည်။

ကျေးရွာတွင် ဘာသာရေးအဆောက်အဦအနေဖြင့် ရွာထိပ်တွင် ဓမ္မာရုံရှိပါသည်။

နတ်စင်အိုင်ကျေးရွာတွင် အမျိုးသားအဖွဲ့၊အမျိုးသမီးအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့တို့ရှိပြီး အမှန်တကယ်ကျေးရွာအတွင်းထိထိရောက်ရောက်ပါဝင်လုပ်ဆောင်ကြပါသည်။

**(ခ) အပဟန့်အတားနှင့်စိန်ခေါ်မှု**

နတ်စင်အိုင် ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြသော်လည်း စိုက်ပျိုးရေး လုပ်ကိုင်သူ တောင်သူနည်းပါးပြီး ကပ်ပါးများသဖြင့်ကျေးရွာတွင် အဆင်ပြေသူ အိမ်ထောင်စု နည်းပါး သောကြောင့် ကျေးရွာတွင်းလမ်းကို အဆင့်မြှင့်တင်ရန် စုဆောင်းငွေနည်းပါးပြီး အခက်အခဲရှိသော ကြောင့်သက်ဆိုင်ရာ မြို့နယ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သော လမ်းများဖြစ် လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

နတ်စင်အိုင်ကျေးရွာ ကျေးရွာသူကျေးရွာသားများ အတိုးနှုန်းသက်သာသောအရင်းအနှီးရရှိရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လိုကြောင်း၊ ကျေးရွာရှိကုန်ထုတ်လမ်းအားပြုပြင်ရန်လိုအပ် ကြောင်း၊ ကျေးရွာသည် မြေသားရေကန်မှသောက်ရေအား အဓိကအားထားသောက်သုံးနေရာ မြေသားရေကန်ပြုပြင်ခြင်းနှင့် ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က)ဖွံ့ဖြိုးရေးပန်းတိုင်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၉၇၀'x၇'x၆") လမ်းအားပြုလုပ် ဆောင်ရွက်နိုင် ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာအနောက်လမ်းကွန်ကရစ်ခင်းခြင်း (၁၅၀၀'x၇'x၆") လမ်းအားပြုလုပ် ဆောင်ရွက်နိုင် ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး ဆောင်ရွက်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာကုန်ထုတ်လမ်းအဆင့်မြှင့်တင်ခြင်း (၅၂၈၀'x၂၀') ဆောင်ရွက်နိုင် ရမည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် မြေသားရေကန်ပြုပြင်ခြင်း(ခြံစည်းရိုး၊ ရေစက်ရုံ၊ ရေသန့်စက်) (၂၀'x၂၀')အား ဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာ လအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

၈.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၉၇၀'x၇'x၆") လမ်းအားပြုလုပ်နိုင်ရေး အတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင် အထည်ဖော်ဆောင်ရွက်သွားပါမည်။

၈.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာအနောက်လမ်းကွန်ကရစ်ခင်းခြင်း (၁၅၀၀'x၇'x၆") လမ်းအား ပြုလုပ်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင် အထည်ဖော်ဆောင်ရွက်သွားပါမည်။

၈.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိအောင် ကျေးလက် ဦးစီးဌာနအား တင်ပြအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

၈.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာကုန်ထုတ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း (၅၂၈၀'x၂၀') လမ်းအားပြုလုပ်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင် အထည်ဖော်ဆောင်ရွက်သွားပါမည်။

၈.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် စာကြည့်တိုက်ကိုသက်ဆိုင်ရာ ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပေးမည်ဆိုပါကအကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များများနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ

ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေ ဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာ အထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များ ကိုနိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင် ရရှိခဲ့မှု များကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များ နှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း**

နတ်စင်အိုင်ကျေးရွာအတွင်းရှိရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်း ဖြစ်သော်လည်း လမ်းမှာ ကျဉ်းမြောင်းပြီး အချိန်မရွေးသွားလာရန် အခက်အခဲရှိသောကြောင့် ရာသီမရွေးကျောင်းသား/ ကျောင်းသူများ၊ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံး ဆက်သွယ် သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်း(၉၇၀'x၇'x၆") အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး အတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်။

**(ဂ) ကျေးရွာအနောက်လမ်းကွန်ကရစ်လမ်းခင်းခြင်း**

နတ်စင်အိုင်ကျေးရွာအတွင်းရှိရွာအနောက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး အချိန်မရွေးသွားလာရန် အခက်အခဲရှိသောကြောင့် ရာသီမရွေးကျောင်းသား/ ကျောင်းသူများ၊ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံး ဆက်သွယ်သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ် လမ်း(၁၅၀၀'x၇'x၆") အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီး ဌာနနှင့် ချိတ်ဆက် ၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**(ဃ) မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း**

နတ်စင်အိုင်ကျေးရွာရှိ ကျေးရွာသူကျေးရွာသားများ အတိုးနှုန်းသက်သာစွာဖြင့် လုပ်ငန်းသုံး အရင်းအနှီးချေးငွေရရှိရေးအတွက် ကျေးလက်ဦးစီးဌာနအား တင်ပြ၍ အကောင်အထည်ဖော်ဆောင် ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားပါမည်။

**(င) ကျေးရွာကုန်ထုတ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

နတ်စင်အိုင်ကျေးရွာရှိ ကုန်ထုတ်လမ်းမှာ မြေသားလမ်းဖြစ်ပြီး ရာသီမရွေး ကုန်ထုတ်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေး အခက်အခဲရှိသောကြောင့် ကုန်ထုတ်လမ်း(၅၂၈၀'x၂၀') အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**(စ) မြေသားရေကန်ပြုပြင်ခြင်း**

နတ်စင်အိုင်ကျေးရွာသည် သောက်သုံးရေအား ကျေးရွာရှိမြေသားရေကန်မှ အဓိကအားထား သောက်သုံးနေပြီး လက်ရှိမြေသားရေကန်သည် ပြုပြင်မွမ်းမံရန်လိုအပ်နေပါသဖြင့် မြေသားရေကန် ပြုပြင်ခြင်း(ခြံစည်းရိုး၊ ရေစက်ရုံ၊ ရေသန့်စက်)(၂၀၀'x၂၀၀')အား ကျေးလက်ဦးစီးဌာနသို့တင်ပြ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ် တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ် ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ် လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါ သောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တ ရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ် ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံ ချက်၏ ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါ မည်။

## (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင် ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း( Functionalclassification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်း များ အလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အကုပ်စုသတ်မှတ်ခြင်း (Economic classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင် ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။လုပ်ငန်းကဏ္ဍကိုအ ခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာန များကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများ ကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း(၉၇၀'x၇'x၆")

(၂) ကျေးရွာအနောက်လမ်းကွန်ကရစ်လမ်းခင်းခြင်း(၁၅၀၀'x၇'x၆")

(၃) မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း

(၄) ကျေးရွာကုန်ထုတ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း(၅၂၈၀'x၂၀')

(၅) မြေသားရေကန် ပြုပြင်ခြင်း(ခြံစည်းရိုး၊ ရေစက်ရုံ၊ ရေသန့်စက်)(၂၀၀'x၂၀၀')

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၉၇၀'x၇'x၆") | ၁ | ✔ | | | | |
| ၂။ | ကျေးရွာအနောက်လမ်းကွန်ကရစ်လမ်းခင်းခြင်း(၁၅၀၀'x၇'x၆") | ၂ | | ✔ | | | |
| ၃။ | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း | ၃ | | | ✔ | | |
| ၄။ | ကျေးရွာကုန်ထုတ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း(၅၂၈၀'x၂၀') | ၄ | | | | ✔ | |
| ၅ | မြေသားရေကန် ပြုပြင်ခြင်း(ခြံစည်းရိုး၊ ရေစက်ရုံ၊ ရေသန့်စက်)(၂၀၀'x၂၀၀') | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖေါ်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည်တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖေါ်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။

(ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာေောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၉၇၀'x၇'x၆") | | | ✔ | | |
| ၂။ | ကျေးရွာအနောက်လမ်းကွန်ကရစ်လမ်းခင်း ခြင်း(၁၅၀၀'x၇'x၆") | | | ✔ | | |
| ၃။ | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိအောင်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၄။ | ကျေးရွာကုန်ထုတ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း(၅၂၈၀'x၂၀') | | | ✔ | | |
| ၅ | မြေသားရေကန် ပြုပြင်ခြင်း(ခြံစည်းရိုး၊ ရေစက်ရုံ၊ ရေသန့်စက်)(၂၀၀'x၂၀၀') | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည် အသွေးကောင်း မွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့ နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ**ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိ မည်။ ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင်အသုံးပြုသူများထံမှအသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့ သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ကျောင်းပြုပြင်ရေးအတွက် ကျောင်းကော်မတီတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သောအဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ် တကျကြီးကြပ်စစ်ဆေးပါမည်။၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည်မိမိတို့၏စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ(Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်း အချက်အလက်များ သည်စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန် တိုင်းတွင်ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ် ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင် ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည်အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ၊
